# SPECIAL INTERVIEW

## KO KO YE



**ဒီတစ်ပတ်အင်တာဗျူးအတွက် ပြည်တွင်းနဲ့သုံးတာ သိပ်မတွင်ကျယ်ပေမယ့် လှုပ်ရှားမှုတွေကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေတဲ့ Ubuntu OS နဲ့ ပတ်သက်ပြီး Ubuntu Loco Team က Team Leader ကိုကိုရဲ့နဲ့ မေးမြန်းဖြစ်တာတွေကို ဖော်ပြပေးထားပါတယ်။**

**နိုင်ဝေ မေးမြန်းသည်။**

***အရင်ဆုံးကတော့ Ubuntu ဟာ မြန်မာပြည်နဲ့ စိမ်းနေသေးတဲ့အတွက် Ubuntu ဆိုတာ ဘာလဲ၊ ဘယ်လိုသုံးလို့ရသလဲဆိုတာကို ပြောပေးပါဦး။***

Ubuntu Distro ဆိုတာ Linux OS, Debian, Distro ကိုအခြေခံပြီး Free of Charges, Free at Freedom ဆိုတဲ့ အခမဲ့ရယူနိုင်ခြင်းနှင့် လွတ်လပ်စွာပြင်ဆင် အသုံးပြုနိုင်ခြင်း ၂ ခုစလုံးကို လိုက်နာပြီးထုတ်ဝေပါတယ်။ Windows ဘက်က ပြောင်းလဲ အသုံးပြုသူတွေအတွက် အဆင်ပြေစေဖို့အတွက် စဉ်းစားထားတဲ့ Linux တွေထဲမှာ Ubuntu ကတော့ နံပါတ် ၁ ပါပဲ။ Dual Boot အပြင် HDD ကို သီးခြားထပ်ပိုင်းဖို့မလိုပဲ Windows Ubuntu Installer ဆိုတာမျိုး ထပ်ထုတ်ပေးပြီး Windows ပေါ်မှာ Folder လေးနဲ့တင် OS တစ်ခု တင်ထားနိုင်ပါတယ်။ GUI မှာလည်း Windows XP, 7,8 တို့အပြင် Mac ပုံစံအဖြစ်လည်း ပြောင်းလဲရယူနိုင်ပါတယ်။ ကိုယ်ပိုင်စိတ်ကြိုက် UI တွေလည်း အများကြီးရှိပါသေးတယ်။ Desktop Enviroment အနေနဲ့လည်း အများကြီးရှိပါတယ်။ 700 MHz CPU, HDD 4 GB, 256 RAM နဲ့လည်း Ubuntu ကို အသုံးပြုနိုင်အောင် လုပ်ပေးနိုင်ပါတယ်။ တောင်အာဖရိက ဘာသာနဲ့ Ubuntu ဆိုတာ အဓိပ္ပါယ်အများကြီး ပါဝင်ပေမယ့် အတိုချုံ့ပြောရရင်တော့ လူသားခြင်းစာနာထောက်ထားခြင်းပါပဲ။ Ubuntu OS ကလည်း ဒီအတိုင်းပါပဲ။

***Open Source OS ဖြစ်တဲ့အတွက် အခြား OS တွေထက် အားသာချက်တွေရှိရင် ပြောပါဦး။***

OS လို့ပြောလိုက်ရင်တော့ တော်တော်များများက Windows လို့ တွဲမြင်နေတတ်ကြပါပြီ။ အဲလောက်တောင်ပဲ Microsoft ရဲ့ Windows တွေက အောင်မြင်ပါတယ်။ ဒါပေမယ့် လိုင်စင်ပိုင်းမှာတော့ OSS (Open Souce Software) တွေက Windows ရဲ့ EULA (End User Licence Agreement) တွေထက် ပိုပြီးစိတ်ကျေနပ်စေမှာပါ။ အခမဲ့ရခြင်း။ ပြုပြင်ပြောင်းလဲနိုင်ခြင်း။ မိမိဘာသာစကားဖြင့် ပြောင်းလဲရယူနိုင်ခြင်း။ မိမိရုံး သို့မဟုတ် စက်ဖြင့် ကိုက်ညီသည့် OS အဖြစ် ပြုပြင် ပြောင်းလဲရယူနိုင်ခြင်း Windows ၏ Virus ရန်မှ ကင်းဝေးခြင်း တိကျတဲ့ ထောက်ပံ့မှုရရှိခြင်း။ Up to Date ဖြစ်ခြင်းတွေ ဖြစ်ပါတယ်။ Ubuntu က ၆လတိုင်းအသစ်ရှိတယ်။ နေ့စဉ်၊ လစဉ် Update ရှိတယ်။ ၂နှစ်တစ်ကြိမ် ၅ နှစ်ကြာထောက်ပံ့တဲ့ OS အသစ်ထွက်ပါတယ်။

***မြန်မာနိုင်ငံမှာ ဘယ်အချိန်တုန်းက စတင်မိတ်ဆက်ခဲ့လဲ။ ဘာအခက်အခဲတွေရှိခဲ့ပါသလဲ။***

၂၀၀၉ ခုနှစ်တည်းက စတင်မိတ်ဆက်ခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေး အပြင် နယ်မြို့အတော်များများအထိပါ သွားရောက်ပြီး မိတ်ဆက်ခဲ့ပါတယ်။ အခက်အခဲကြီးကြီးမားမားတော့ မရှိခဲ့ပါဘူး။ နည်းပညာမျှဝေတာဖြစ်လို့ အကုန်လုံးက ကူညီကြပါတယ်။ အဓိကကတော့ Core Member တွေပါပဲ။ ရန်ကုန်ပွဲပဲဖြစ်ဖြစ် နယ်ပွဲပဲဖြစ်ဖြစ် ကိုယ့်စရိတ်နဲ့ ကိုယ်ကူညီကြရတာပါ။ Core Member ဖြစ်လို့ ဘာအခွင့်အရေးမှ မရပေမယ့် အကုန်အကျခံ၊ အပင်ပန်းခံ အချိန်ကုန်ခံပြီးကူညီခဲ့ကြလို့ Ubuntu ဆိုတာကို တော်တော်များများသိလာကြတာပါ။

***မြန်မာနိုင်ငံ ဒီ Open Source OS နဲ့ ပတ်သက်ပြီး လုပ်ဆောင်ချက်တွေပြောပေးပါဦး။***

မြန်မာမှာတော့ Ubuntu နဲ့ တိုက်ရိုက်ပတ်သက်ပြီး လုပ်နေကြတာဆိုရင် Ubuntu Myanmar LoCo Team (YGN/MDY) ရှိမယ်။ နောက် Shan LoCo Team ရှိမယ်။ အဓိကကတော့ အသုံးပြုသူတွေ ပိုမိုများလာဖို့ တကယ်အသုံးဝင်နိုင်ဖို့အတွက် ပြဿနာတွေ လိုအပ်ချက်တွေဖြေရှင်းပေးနိုင်ဖို့ နောက်တစ်ခုကတော့ ကိုယ့်ဘာသာစကားနဲ့ အသုံးပြုနိုင်ဖို့ အခြားကျောင်းသုံး Edubuntu တို့ Android သမားတွေအတွက် သီးသန့်ထုတ်ပေးတာတို့ PIC သမားတွေအတွက် လိုအပ်တာတွေထည့်ပြီး ထုတ်ဝေပေးတာတို့ လုပ်ဖို့ရှိပါသေးတယ်။ အခုဆို ပြည်တွင်းကုမ္ပဏီ ၆ ခုအထောက်အပံ့နဲ့ ဗမာ၊ ရှမ်း၊ ပအို့ဝ်၊ ပလောင်၊ မွန်ဖောင့်တွေ ကီးဘုတ်တွေအပါအဝင် အသုံးတည့်မယ့် ဆော့ဖ်ဝဲပေါင်း ၅၀ ကျော်ပါဝင်တဲ့ DVD ကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ အခုဆို Event တွေမှာ အခမဲ့ဝေပေးနေသလို Excellent, Active စတဲ့ ဆိုင်တွေမှာလည်း တင်ထားပေးပါတယ်။

***အသင်းက တရားဝင်ဖွဲ့စည်းထားတာလို့ သိရပါတယ်။ ဘယ်လိုပုံစံမျိုးဖြစ်ပါသလဲ။ အသင်းရဲ့ လှုပ်ရှားမှုတွေကို ပြောပေးပါဦး။***

Ubuntu ကနေ နိုင်ငံတကာဒေသတွင်း အထောက်အပံ့ပေးနိုင်တဲ့ အဖွဲ့အစည်းတွေကို Local Community ဆိုပြီး ဖွဲ့စည်းခွင့်ပေးပါတယ်။ အဲဒီအထဲကနေမှ စည်းကမ်းချက်နဲ့ ကိုက်ညီပြီး တကယ်လုပ်ဆောင်နေတဲ့ Team တွေကို LoCo Council ကနေပြီး တရားဝင် LoCo Team အဖြစ် အသိအမှတ်ပြုပေးပါတယ်။ ဥပမာ အာရှတိုက်မှာ LoCo Team ၆၀ ကျော်ရှိပြီး တရားဝင်အသိအမှတ်ပြုတာ ၉ နိုင်ငံပဲရှိပါတယ်။ Ubuntu Myanmar LoCo Team လည်း တရားဝင်အသိအမှတ်ပြုခံရပါတယ်။ LoCo Team မှာ Art Team, Manual Team, Marketing Team, စသည်ဖြင့် Sub Team တွေနဲ့ ဖွဲ့စည်းလေ့ရှိပေမယ့် Myanmar Team မှာတော့ အကုန်လုံးက ကျရာတာဝန်ကို ကူညီရင်းတော်တော်ကြီးကိုအလုပ်ဖြစ်ပါတယ်။ အသင်း အနေနဲ့ လှုပ်ရှားမှုကတော့ နေရာဒေသဌာနမရွေး အဓိက Ubuntu ကို မိတ်ဆက်ပေးပါတယ်။ အခါအားလျော်စွာ အခမဲ့ရက်တို သင်တန်းလေး တွေဖွင့်ဖြစ်ပါတယ်။ အခြားသော ဘားကမ့်တွေ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွေမှာ သွားရောက်ကူညီဖြစ်ပါတယ်။

***Ubuntu OS ပြည်တွင်းမှာသုံးစွဲမှုများလာအောင် ဘယ်လိုလှုပ်ရှားမှုတွေ ပြုလုပ်ပါသလဲ။***

Ubuntu OS ကို သုံးစွဲမှုများလာအောင် Ubuntu အသုံးဝင်ပုံတွေ အားသာချက်တွေကို ရှင်းလင်းပြသပေးပါတယ်။ မဖြစ်မနေ Ubuntu OS ကို ပြောင်းသုံးခိုင်းတာမျိုးမဟုတ်ပါဘူး။ လက်ရှိသုံးနေတဲ့ OS နဲ့ ကိုယ်နဲ့ကိုက်ညီမှုရှိမရှိ Ubuntu OS သုံးရင် ဘယ်လိုအားသာမှုရှိ မရှိ စတာတွေတိုင်ပင်ပြီးတော့ Ubuntu OS ကို ပြောင်းလဲအသုံးပြုနိုင်ဖို့ စီစဉ်ပေးတာမျိုးပါ။ ကုမ္ပဏီတွေ အဖွဲ့အစည်းတွေဆိုရင် သီးသန့်စိတ်ကြိုက်ပြုပြင်ပြောင်းလဲပြီး ကိုယ့်ဌာနအတွက် သီးသန့် OS တစ်ခုလိုအသုံးပြုနိုင်ပါတယ်။ Ubuntu နဲ့အခြား OS တွေရဲ့ အဓိကကွာခြားချက် ဆော့ဖ်ဝဲတွေကို အင်တာနက်ပေါ်က တိုက်ရိုက်ထည့်သွင်းရတာကို ဖြေရှင်းပေးတဲ့အနေနဲ့ အသုံးတည့် DTP, Office, Graphic, Music, Developmer Tool စတဲ့ ဆော့ဖ်ဝဲပေါင်း ၅၀ ကျော်နဲ့ မြန်မာဖောင့် ကီးဘုတ်တွေထည့်ပြီးသား Ubuntu OS ကို အဆင်ပြေအောင် ပြုလုပ်ပေးတားပါတယ်။ DVD ခွေတွေကို Event တွေမှာ အခမဲ့ပေးဝေပါတယ်။

***စတင်လှုပ်ရှားခဲ့တဲ့အချိန်ကစပြီး ဒီအချိန်ထိအောင်မြင်မှုရခဲ့တဲ့ အတိုင်းအတာ ဘယ်လိုရှိသလဲဆိုတာလဲ ပြောပေးပါဦး။***

စတင်လှုပ်ရှားခဲ့တဲ့ ၂၀၀၉ ခုနှစ်ကတည်းက အခုထိအသုံးပြုသူတွေ ပိုပိုများလာသလို သုံးသူတိုင်းလည်း စိတ်ကျေနပ်မှုရှိပါတယ်။ Barcamp ပွဲတွေတိုင်းမှာ အခွေတွေလဲဝေ လက်တွေ့တွေလဲပြခဲ့လို့ စိတ်ဝင်စားမှုအများဆုံး Presentation စာရင်းထဲမှာ အမြဲပါခဲ့ပါတယ်။ မြန်မာနိုင်ငံတွင်း ကျင်းပခဲ့တဲ့ အိုင်တီပွဲတွေထဲမှာ Ubuntu Myanmar LoCo Team ကိုယ်တိုင်ကျင်းပတဲ့ ပါဝင်ခဲ့တဲ့ပွဲတွေဟာ အများဆုံးဖြစ်တာကို ဂျာနယ်တွေကပါ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဦးတည်ချက်ကတော့ အမှန်တကယ် အသုံးပြုသူတွေများလာဖို့နဲ့ အသုံးပြုသူတိုင်းအတွက် အသုံးတည့်တဲ့ OS တစ်ခုဖြစ်လာဖို့ပဲဖြစ်ပါတယ်။ အောင်မြင်မှုအနေနဲ့ကတော့ အသုံးပြုသူဘယ်လောက်များလာမလဲ အသုံးပြုသူတွေ အဆင်ပြေပြေအသုံးပြုနိုင်မလဲဆိုတာပေါ် မူတည်ပါတယ်။ အခုအသုံးပြုသူတွေ ပိုများလာပြီး အသုံးပြုသူတွေ တော်တော်လေးအဆင်ပြေလာပြီဆိုတော့ အတိုင်းအတာတစ်ခုအထိ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့သတ်မှတ်ထားတဲ့နေရာရောက်ဖို့တော့ ကြိုးစားကြရပါဦးမယ်။

***ကမ္ဘာမှာရော ဘယ်လိုလှုပ်ရှားမှုတွေရှိပါသလဲ။ မြန်မာနိုင်ငံက Team အတွက်ရော ဘယ်လိုအထောက်အပံ့တွေရပါသလဲ။***

ကမ္ဘာမှာတော့ Ubuntu အသုံးပြုမှုက တော်တော်များများရှိပါတယ်။ အခြားနိုင်ငံတွေမှာ လုပ်နေကြတဲ့ Event တွေအတိုင်း မြန်မာမှာလည်း ကျင်းပပေးလျက်ရှိပါတယ်။ Ubuntu Myanmar LoCo Team အတွက် အခြားနိုင်ငံတွေက LoCo Team တွေအတိုင်းပဲ ၆လတစ်ကြိမ် Ubuntu CD အခွေ ၂၀၀ ပို့ပေးတာစသဖြင့် တန်းတူထောက်ပံ့မှုရှိပါတယ်။ အခြား ထောက်ပံ့မှုတော့ မရှိပါဘူး။ တရားဝင်အသိအမှတ်ပြုတာလောက်ပါပဲ။

***မြန်မာစာနဲ့လည်းသုံးလို့ရတယ်လို့ သိရပါတယ်။ ဘယ်လိုအားသာချက်တွေရှိပါသလဲ။***

မြန်မာစာကတော့ Windows, Linux, Mac စတဲ့ OS တွေတိုင်းမှာ ရပါတယ်။ Mac OS နဲ့ Windows 8 မှာ မြန်မာ Unicode Font ပါလာတယ်ကြားသိရလို့ ဝမ်းသာရပါတယ်။ ဒါပေမယ့် Ubuntu မှာ မြန်မာဖောင့်တရားဝင်ပါတာကတော့ ၂၀၀၉ ခုနှစ်ကတည်းကပါ။ ကိုယ့်ဘာသာစကားနဲ့ ဖောင့်ပါဝင်ဖို့အတွက် လက်မှတ်ထိုးရတာမျိုး Ubuntu မှာ မရှိပါဘူး။ ကိုယ်ပါဝင်ကူညီသလောက် အဲဒီအကျိုးကို ခံစားနိုင်ပါတယ်။ Software တစ်ခုဖြစ်ဖြစ် Language Pack တစ်ခုဖြစ်ဖြစ် ကိုယ်စွမ်းသလောက် ပါဝင်ကူညီနိုင်ပြီး ကိုယ်ပြုလုပ်ထားသလောက် အသိအမှတ်ပြုခံရပါတယ်။ Ubuntu မှာက မြန်မာဘာသာကို Burmese Language Pack အနေနဲ့ အသုံးပြုနိုင်ပါတယ်။ အခုဆိုရင် Shan Localization Team တွေ ဘာတွေတောင်တော်တော်ကြီး ကြိုးစားနေတာတွေ့နိုင်သလို စမ်းသပ်လည်းအသုံးပြုနိုင်ပါတယ်။ Language မှာဆိုရင် System ဖောင့်ချိန်းတာလေးကအစ Windows ထက် အများကြီး ပိုမိုလွယ်ကူပါတယ်။

***အခုလက်ရှိအချိန်မှာ သုံးစွဲနေသူတွေက ဘယ်သူတွေဖြစ်ပါ သလဲ။ သူတို့အတွက် ဘယ်လို Supporting တွေရှိပါသလဲ။***

လက်ရှိမှာတော့ တစ်ကိုယ်ရည်သုံးသူတွေပဲ ရှိပါဦးမယ်။ နောက် ဆာဗာပိုင်းမှာလဲ ပြောင်းလဲသုံးစွဲတာပိုတွေ့ရပါတယ်။ private ကျောင်း နှစ်ခုက Edubuntu သုံးနေတာ တွေ့ဖူးပါတယ်။ PIC သမားတွေနဲ့ Android Developmer တွေလည်း Ubuntu ပေါ်မှာ ပိုအဆင်ပြေတာကို ကြားသိရပါတယ်။ ရုံးသုံးနဲ့ DTP တွေအတွက် မကြာခင်မှာ Gov, NGO, Commercial တွေမှာလည်း ပြောင်းသုံးကြမယ်လို့ ထင်မြင်မိပါတယ်။ လောလောဆယ် Windows ကနေ ပြောင်းလဲ အသုံးပြုလိုတဲ့အတွက် လိုအပ်တာတွေ ဆွေးနွေးပေးဖို့ ဖိတ်ကြားထားတာ ၄ ခုလောက်ရှိပြီး လက်ရှိ Ubuntu သုံးနေတဲ့ အဖွဲ့အစည်းကတော့ ၃ ခုလောက်ပဲရှိဦးမယ် ထင်ပါတယ်။ Supporting အနေနဲ့ ပြည်တွင်းမှာတော့ Global Event တွေနဲ့ တစ်ပြေးညီ Loacl Event တွေပြုလုပ်ပေးနေပြီး အမေးအဖြေတွေကို facebook မှာ အဓိကထားပြီး ဖြေကြားပေးနေကြပါတယ်။

***နည်းပညာအသစ်တွေရှိလာရင်ရော ဘယ်လိုမိတ်ဆက် ဆောင်ရွက်ပေးပါသလဲ။***

Ubuntu ကတော့ ၆ လတစ်ကြိမ်လောက် နည်းပညာအသစ်လိုဖြစ်နေတယ်။ ဆိုလိုချင်တာက ၆ လပြည့်တိုင်း ပိုကောင်းပိုအသုံးတည့်တဲ့ ဆော့ဖ်ဝဲတွေ နည်းပညာတွေထပ်ပေါင်းပြီး အသစ်ထပ်ထပ်ထုတ်ပေးနေတယ်လေ။ ကျွန်တော်တို့လည်း နည်းပညာအသစ်အဆန်းတွေကို အသုံးတည့်မယ်ထင်တဲ့အပိုင်းကို ရွေးချယ်မိတ်ဆက်ပေးနေပါတယ်။

***ပြည်တွင်းစိတ်ဝင်စားမှုအပိုင်းကိုလည်း ပြောပါဦး။***

ပြည်တွင်းမှာတော့ ကာလကြာရှည် အသုံးပြုလာတဲ့ Windows OS ပြီးရင် ဒုတိယမြောက် လူသုံးအများဆုံး OS အဖြစ် ရပ်တည်နေပါတယ်။ သုံးနေတဲ့သူတွေ စိတ်ကျေနပ်မှုအရဆုံး OS ဆိုရင်တော့ Ubuntu က နံပါတ်တစ်ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကမ္ဘာမှာတောင် Linux OS ဟာ Windows အသုံးပြုသူနဲ့ ယှဉ်တွက်ရင် ၂ ရာခိုင်နှုန်း လောက်ပဲရှိပါတယ်။ Windows အသုံးပြုသူပမာဏနဲ့ယှဉ်ရင်တော့ တော်တော်ကြီး နည်းပါးပါဦးမယ်။ တစ်ကိုယ်ရည်အသုံးပြုသူတွေ ပရိုဂရမ်မာတွေ ဝက်ဘ်သမားတွေနဲ့ ဆာဗာသမားတော်တော်များများ Ubuntu Linux ဘက်ကို စိတ်အားထက်သန်လာကြပါပြီ။

***ကျေးဇူးတင်ပါတယ်ရှင့်။***

■